ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ရွာသာရွာကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# (၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွာသာရွာကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ

ရွာသာရွာကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွာသာရွာ၊ မင်းဘူးမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွှယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>ရွာသာရွာကျေးရွာ<br>မင်းဘူး(စကု)မြို့နယ်

# ရွာသာရွာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မင်းဘူး-မင်းလှ ကားလမ်း၏အရှေ့ဘက်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့်အိုးလုပ်ငန်းများ ဖြစ်ကြပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မမှ ၄၀ မှ ၆၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာသည် မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိသောကြောင့် အပူပိုင်းမုတ်သုန် ရာသီဥတုဖြစ်သည်။ ကျေးရွာသည် ဧရာဝတီမြစ်ဘေးတွင် ရှိပြီး မြစ်ရေတက်သည့် အချိန်တွင် ကျေးရွာ၏ မြေနိမ့်ပိုင်းရှိ အိမ်များသို့ မြစ်ရေဝင်ရောက်လျက်ရှိသော်လည်း ပျက်စီးဆုံးရှုံးမှု နည်းပါးသည်။ ကျေးရွာအနီးတဝိုက်တွင် တောင်ကုန်းများရှိသော်လည်း ကျေးရွာသည် မြေပြန့်နေရာတွင် တည်ရှိပါသည်။ ကျေးရွာအနီးနားတွင် သဘာဝသယံဇာတဖြစ်သည့် ရေနံထွက်ရှိသောနေရာဖြစ်သည်။ ယာမြေများမှာ နှမ်းနှင့် ပဲမျိုးစုံတို့ ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန် အတွက် အဓိကအားထားရာ ဖြစ်သည်။ ကျေးရွာတွင် အိုးလုပ်ငန်းမှာလည်း ကျော်ကြားသော အဓိကအသက်မွေးဝမ်းကျောင်း ဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်ယာမြေအသင့်တင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်သောကြောင့် မြေဆီလွှာမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ ထွက်ရှိပါသည်။ တောင်သူအချို့မှာ ကမ်းနီရေလှောင်တမံမှ ဆည်ရေဖြင့် လယ်မြေဧက (၅၅)ဧက ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေ အသုံးပြုမှု နည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၈၃၂) ရှိပြီး စပါးနှင့်ပဲမျိုးစုံကိုသာ အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၀၇) စုနှင့် ကျား(၉၄၇)ဦး၊ မ(၁၁၂၈) ဦးဖြင့်လူဦးရေပေါင်း (၂၀၇၅)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၆.၄၅%)ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၄.၉၅ % ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲ ချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၄.၆% သည် ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု ၄၄% ရှိပြီး ၀.၃၉% သည်အဆင်ပြေသော အိမ်ထောင်စု၊ ၁၀.၀၆% သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ဝမ်းစာဖူလုံမှု စစ်တမ်းကောက်ယူရာတွင် အကြွေးတင်ရှိသော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁သိန်း မှ ၁၀သိန်းကျော်ထိ တင်ရှိနေကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် တောင်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုး အလုပ်များကို လုပ်ကိုင်ရှာဖွေစားသောက်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန် ဆင်းရဲအဆင့် အိမ်ထောင်စု၃လအောက်မှာ (၅၄)စု ၊ ၃လ နှင့် ၆လအောက် အိမ်ထောင်စု (၂၃)စုနှင့် ၆လ နှင့် ၁၂လအောက် အိမ်ထောင်စု (၁၃)စု တို့သည် စားဝတ်နေရေး မပြေလည်သည့်အတွက် ချေးယူစားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။

ကျေးရွာတွင် အိမ်ထောင်စုများ၏ ၆% ခန့်သည်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲနွမ်းပါးကာ လူဦးရေ များပြားကြသည်။ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသား အိမ်ထောင်စု(၇၉)စုနှင့် မုဆိုးဖို၊ တစ်ခုလပ် ဦးဆောင်သည့် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။ ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် စားနပ်ရိက္ခာ မဖူလုံမှုများ များစွာရှိပါသည်။ ရေကြီးခြင်းကြောင့် ကမ်းနီးတွင် နေထိုင်ကြသူများသည် ထိခိုက်

သက်ရောက်မှုများ ရှိပါသည်။ စိုက်ပျိုးရေးတွင် ဓါတ်မြေဩဇာ သုံးစွဲခြင်း၊ နည်းစနစ်တကျ မသုံးစွဲသည့်အတွက် မြေဆီလွှာပျက်စီးမှုမှာ အသင့်အတင့်ရှိပါသည်။ ငှက်ဖျားရောဂါနှင့် တီဘီရောဂါများ ဖြစ်ပွားမှု အသင့်အတင့်ရှိပါသည်။ ကိုယ်ခံအားကျဆင်းမှုရောဂါ နည်းပါး ပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုမှာ နည်းပါးပြီး ခွာနာလျှာနာ ရောဂါများသာ ဖြစ်ပွားသည်။ လူကုန်ကူးမှု၏ ထိခိုက်သက်ရောက်မှု နည်းပါးသည်။ ကျွန်ုပ်တို့ ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေမှာ ဖြစ်ပွားမှု အသင့်အတင့်သာရှိပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် လက်လုပ်လက်စားများ၊ ကျပန်းများသည် အများဆုံးဖြစ်ပြီး အသက်မွေးဝမ်း ကျောင်းပညာရပ် မတတ်မြောက်ခြင်းကြောင့် ဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဖြစ်ပွားမှုနည်းပါးပြီး ယင်လုံအိမ်သာကို စနစ်တကျ သုံးစွဲ ကြသည်။ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားမှုနည်းပါးပြီး အိုးခွက်များကို စနစ်တကျ ဖုံးအုပ် ထားပါသည်။ HIV/ AIDS , လိင်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှု မရှိပါ။ လူငယ်များ ကျန်းမာရေးဗဟုသုတ ရှိပါသည်။ တီဘီ၊ ဆီးချိုရောဂါဖြစ်ပွားမှုရှိပြီး အချို ဓါတ်လွန်ကဲသော အစားအသောက်များကို စားသုံးခြင်း၊ အဝလွန်ခြင်းတို့ကြောင့် ဖြစ်သည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ရှိပါသည်။ မြို့နယ်ဆေးရုံ၊ ဆေးဆိုင် လည်း လက်လှမ်းမီမှု ရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိ ရပါသည်။ ကျေးရွာတွင် စာမတတ်သူဦးရေ နည်းပါးသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် များပြားသည်။ အသက်မွေးဝမ်း ကျောင်း ကျွမ်းကျင်မှု နိမ့်ကျပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျား–မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား–မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား–မရေးရာ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြပါသည်။ ကျေးရွာတွင် ကျား–မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရှိရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်တူတူပင်ဖြစ်ပါသည်။

လုပ်အားခတွင် အမျိုးသားများကပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမရှိကြသော်လည်း လူမှုရေး၊ ဘာသာရေး ကိစ္စများတွင်အမျိုးသမီးများ တတ်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သတ်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် စီးပွားရေးကို အခြေခံသော အဖွဲ့အစည်း (၃)ဖွဲ့၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့ နှင့် ဘာသာရေးနှင့်ယဉ်ကျေးမှု အဖွဲ့အစည်း(၁)ဖွဲ့ တို့ရှိပါသည်။ ပြင်ပမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပေးနေသော Pact Myanmar ၊ သမဝါယမ နှင့် အိုးဘဏ်တို့ ရှိပါသည်။ ထိုအဖွဲ့အစည်းများ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားများ နားလည်စေရန်အတွက် စွမ်းဆောင်မြင့်တင်ရေး သင်တန်းများ လိုအပ်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှမ်း၊ ပဲတီစိမ်း၊ မြေပဲ နှင့် ပဲစင်းငုံတို့ကို အဓိကထား စိုက်ပျိုးကြသည်။ ကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း (၁၀၄၅)ကေရှိပြီး နှမ်းစိုက်ကေ (၄၀၀) နှင့် မြေပဲစိုက်ကေ (၁၁၃) ကို စိုက်ပျိုးကြပါသည်။ နှမ်း ၁ ကေလျှင် (၆၀)တင်းနှင့် မြေပဲ ၁ ကေလျှင် (၁၀၀)တင်း နှုန်း တို့ထွက်ရှိပါသည်။ သီးထပ်အနေဖြင့် ပဲတီစိမ်းစိုက်ကေ (၂၅၀)နှင့် ပဲစင်းငုံစိုက်ကေ (၁၀၄) တို့ရှိပါသည်။ (၁၄၄)ကေမှာ ရေသွင်းစိုက်ပျိုးပြီး (၉၀၀) ကေ မှာ မိုးရေဖြင့် စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိမှုအားနည်းပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှာလည်း တောင်သူများအတွက် ဝန်ဆောင်မှုမရှိပါ။ တစ်ချို့တောင်သူများမှာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရပြီး ရွာသူ/သားများသည် တခြားနေရာ၊ ဒေသများသို့ စားဝတ်နေရေးအတွက် သွားရောက်လုပ်ကိုင်ကြသောကြောင့် အလုပ်သမားရှားပါးမှု နှင့်ရင်ဆိုင်ရတတ်သည်။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှုကို ရင်ဆိုင်ကြရသည်။ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ဆိုးရွားစွာတွေ့ရပြီး ထိရောက်သောဖျက်ပိုး နှိမ်နှင်းရေးစနစ်ကို သိရှိပါက သီးနှံများ ပိုမိုထွက်ရှိလာမည် ဖြစ်ပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၄.၃ % ဝန်းကျင်သာ ရှိပြီး ဒေသဝက်မျိုးများသာ မွေးမြူကြပါသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၁၅.၉%ခန့်ရှိပြီး စျေးကွက်တွင် ဝယ်လိုအားနည်းပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ဆိတ်များသည် ရာသီဥတုမမှန်မှုကြောင့် မိုးရာသီတွင် အအေးပတ်ခြင်းရောဂါများ ဖြစ်ပွားသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် အချိန်မရွေး ဝန်ဆောင်မှုရရှိနိုင်မှု အားနည်းသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိ နိုင်ကြချေ။ ရွာထဲမှ ချေးငွေကို ချေးငှားလျှင် အတိုးနှုန်း များပါသည်။ ကျေးရွာတွင် ရေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး မရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုတွင် အိုးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်ငန်းများ၊ စျေးရောင်း၊ အစိုးရဝန်ထမ်း တို့ လုပကိုင်ကြပါသည်။ နွေရာသီနှင့် ဆောင်းရာသီတွင် အိုးလုပ်ငန်းကို မိသားစုတစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြပြီး စားဝတ်နေရေးကို ဖြေရှင်းကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ အလာကောင်းတစ်ရပ် ဖြစ်သည်။ မင်းဘူးမြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရှိသော်လည်း ငွေကြေးမတတ်နိုင်သည့်အတွက် တက်ရောက်သင်ကြားနိုင်ခြင်း မရှိပါ။ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ်၊ စက်ပြင် စသောသင်တန်းများသို့ အခကြေးငွေ အကုန်ကျခံကာ ပို့လွှတ်သင်ကြားကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းနိုင်ပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျွန်ုပ်တို့ကျေးရွာ၏ မြောက်ဘက်ခြမ်းတွင် မြစ်ကြောင်းပြောင်းလဲမှုကြောင့် ၂၀၁၆ခုနှစ်မှ ယခုအချိန်ထိတိုင်အောင် အိုးလုပ်ငန်းအတွက် အသုံးပြုသော သဲမြေကမ်းပါးများ ပြိုကျခြင်းကြောင့် အခက်အခဲများ ရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် ပြင်ပအဖွဲ့အစည်းဖြစ်သော Pact Myanmar နှင့် သမဝါယမ အဖွဲ့အစည်းတို့ ရှိပါသည်။ Pact Myanmar ငွေစု/ငွေချေး အဖွဲ့သည် (၁၄)ရက် တစ်ကြိမ် အတိုးနှုန်းမှာ (၆၀)ပြားရှိပြီး အသင်းဝင်ဖြစ်မှသာ ချေးယူရပါသည်။ သမဝါယမ ငွေစု/ငွေချေး အဖွဲ့သည် (၆)လ တစ်ကြိမ် အတိုးနှုန်းမှာ (၁ကျပ် ပြား၅၀)ရှိပြီး အသင်းဝင် ဖြစ်မှသာ ချေးယူရပါသည်။ ကျေးရွာတွင် အစိုးရဘဏ်ချေးငွေရရှိရန် ပုံစံ(၇) မရှိသည့် အတွက် ချေးငွေမရရှိသေးပါ။ NGO အဖွဲ့အစည်းလည်း မရှိသေးပါ။

ကျေးရွာတွင် ချေးငွေအကြောင်းအရင်းမျိုးစုံဖြင့် ပညာရေး၊ ကျန်းမာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိ သွပ်မိုး၊ ထရံကာနှင့် မြေသားအခင်း ကျောင်းဆောင်ရှိပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းဆောင်မှာ (အလျား ၁၈၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ)၊ (အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ)အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် ကွန်ကရစ် ကျောင်းဆောင်တွင် သင်ကြားကြသည်။ ရွာသားအများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ အားလုံး၏ ၄၀ ရာခိုင်နှုန်းမှာ ဘုန်းကြီး ကျောင်းပညာရေးအဆင့်ရှိပါ သည်။ မူလတန်းပညာရေး မပြီးဆုံးသူဦးရေ မြင့်မားပါသည်။ ယခုနှစ်ကျောင်း အပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့်အလယ်တန်း အရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်းတွေ့ရှိရပါသည်။ ကျောင်းတွင် ပရိဘောဂ လုံလောက်မှုမရှိခြင်းနှင့် မူလတန်းပြ ဆရာ/မ (၄)ဦး၊ အလယ်တန်းနှင့် အထက်တန်းပြ ဆရာ/မ (၂၂)ဦးတို့ရှိကြပြီး ကျောင်းသူ/သား ဦးရေ တစ်နှစ်ထက်တစ်နှစ် သင်ကြားမှုများလာသည့်အတွက် ဆရာ/မ လုံလောက်မှုမရှိပါ။ ဆရာ–တပည့်အချိုး (၁:၃၃) ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ရှိပါသည်။ ဆရာဝန် (၁)ဦး၊ သားဖွားဆရာမ (၁)ဦး၊ ကြီးကြပ်–၁ (၁)ဦး၊ ကြီးကြပ်–၂ (၃)ဦး တို့သာရှိပါသည်။ မြို့နယ် ဆေးရုံနှင့်လည်း လက်လှမ်းမီမှု ရှိပါသည်။

သောက်သုံးရေအနေဖြင့် စက်ရေတွင်းများဖြင့် တပ်ဆင်သုံးစွဲပြီး လုံလောက်မှုရှိသည်။ ကျေးရွာသူ/သားများ အများစုသည် ယင်လုံအိမ်သာကို ဆောက်လုပ်သုံးစွဲကြပြီး ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများ စနစ်တကျသုံးစွဲပြီး ကျောင်းသား/သူများအတွက် အိမ်သာ လုံလောက်မှု မရှိသေးပါ။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့်နေရာများ သီးသန့်မရှိပေ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူငယ်များရှိသည့်အတွက် လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်များနှင့် အင်တာနက် အသုံးပြုသည်များလည်း ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းသည် ၂၀၁၄-၂၀၁၅ ခုနှစ်က လမ်းအရှည်မိုင် (၂)မိုင်ရှိသော ရွာဝင်လမ်းမှာ မြေသားလမ်းဖြစ်သည့်အတွက် အသွားအလာများပြားသောကြောင့် ပျက်စီးမှုကြောင့် ပျက်စီးမှုများ ရှိနေပါသည်။ ရွာတွင်းလမ်းများလည်း ကောင်းမွန်မှု မရှိသေးပါ။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် စက်ဘီး တို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ ခုနှစ်မှစ၍ ဆက်သွယ်တံတားရှိပြီး အိမ်ထောင်စုအားလုံး၏ ၄၉% ခန့်သာအသုံးပြုနိုင်သည်။ ကျေးရွာတွင် မိုဘိုင်းဆက်သွယ်ရေးကို ဈေးကောင်းနှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် ရွာသူ/သားများသည် တယ်လီဖုန်းမှ တစ်ဆင့် အင်တာနက် အသုံးပြုနိုင်မှုမှာ များစွာရှိသည်။ ကျေးရွာတွင် ဒို့ရွှေအိုး စာကြည့်တိုက်ရှိပါသည်။ ရွာသားများသည် သတင်းစာဂျာနယ်တို့ကို မင်းဘူးမြို့နှင့် မကွေးမြို့များသို့ ဝယ်ယူကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းသတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးသည်။ ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ လွယ်ကူပါသည်။ ကျေးရွာသူ/သားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသည်။ အာမခံစနစ်ကို ချိတ်ဆက်မှု လက်လှမ်းမီပြီး ရွာသူ/သားများ၏ အသိပညာနည်းပါးမှုကြောင့် ချိတ်ဆက်မှုမရှိကြချေ။ ကျေးရွာတွင် သဘာဝအန္တရာယ် လျော့ပေါ့ရေးအစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများ ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားမှု နည်းပါးသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသည်။ ကျန်အိမ်ထောင်စုများမှာ ဆိုလာနှင့် အင်ဂျင်ကို အသုံးပြုပြီး အခြားအိမ်ထောင်စုများမှာ မီးအိမ်၊ ဘက်ထရီ နှင့် ဖယောင်းတိုင်ကိုသာ အသုံးပြုနိုင်ကြသည်။ လျှပ်စစ်မီး ရရှိသော အိမ်ထောင်စုများမှာ လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျန်အိမ်ထောင်စုမှာ ထင်း၊ မီးသွေး ဖြင့်သာ ချက်ပြုတ်ကြသည်။ လျှပ်စစ်မီးသုံးစွဲခြင်းသည် ကျောင်းသား/သူများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းသာမက လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်အနည်းငယ်သာရှိပြီး လူဦးရေအားလုံး၏ ၆၆.၄၅ ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြပါသည်။ဘွဲ့ရပညာတတ် အရေအတွက် များစွာရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းမြစ်တိုးတက် ကောင်းမွန်စေသည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ တိုက်နယ်ဆေးရုံရှိသည့်အတွက် ကျန်းမာရေးပံ့ပိုးပစ္စည်းများ ဝန်ဆောင်မှုလည်း လက်လှမ်းမီပါသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည် ယာထွက်ကုန်များကို မြို့သို့ရောင်းချရာတွင် လွယ်ကူပါသည်။ မိုးရွာသွန်းမှုမှာ နှမ်း၊ ပဲတီစိမ်းနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာသည် မင်းဘူး–မင်းလှ ကားလမ်းဘေးတွင် တည်ရှိပြီး မင်းဘူးမြို့၊ မကွေးမြို့နှင့် မင်းလှမြို့များသို့ ကတ္တရာလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့် ကောင်းသောကြောင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပြီး သဘာဝ သယံဇာတ ထွက်ရှိသောဒေသဖြစ်သည်။ ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် တောင်သူများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

ယာမြေများသည် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြရသည်။ ထိုပြင် ပိုးသတ်ဆေး အချို့ကို ခံနိုင်သော ဖျက်ပိုးများသည် ပဲတီစိမ်းစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပါတ်သတ်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရန် အထောက်အပံ့ များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ဘဏ်မှကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်မရှိပါ။ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ အိုးဘဏ်၊ သမဝါယမ နှင့် Pact Myanmar အဖွဲ့အစည်းများမှ ချေးငွေရရှိရန် အသင်းဝင်ကြရသည်။ ထိုချေးငွေများမှာ အတိုးနှုန်းမြင့်မားကြသဖြင့် ကျေးရွာအတွက် အတိုးနှုန်းသင့်တင့်သော ချေးငွေဝန်ဆောင်မှု များရရှိရန် လိုအပ်ပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန် လုပ်ငန်းဖြစ်သည့် အိုးအလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အကွက်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။ အိုးလုပ်ရန် ကုန်ကြမ်းမှာ မြစ်ကြောင်း၏ ရေတိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျမှုကြောင့် ကုန်ကြမ်းများ မရနိုင် တော့ပါ။ ထို့ကြောင့် ကျေးရွာ၏ အသက်မွေးဝမ်းကြောင်း အတတ်ပညာ အိုးလုပ်ငန်းကို နည်းစနစ်တကျ တွင်ကျယ်စွာ လုပ်ကိုင်နိုင်သော သင်တန်းနှင့် ကုန်ကြမ်းထုတ်လုပ်သော မြေများ ပြိုကျမှုနည်းပါးအောင် မြေထိန်းနံရံများ လုပ်ဆောင်နိုင်ပါက ကျေးရွာသူ/သားများ အတွက် ဝင်ငွေမြင့်မားစွာ ရရှိလာမည်ဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်တော်တို့ကျေးရွာတွင် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာသူ/သားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

က.၂) ကျွန်တော်တို့ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးချေးငွေရရန် ပုံစံ(၇)ရအောင် ဆောင်ရွက်ပေးခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် ကျေးရွာသူ/သားများ ဝင်ငွေများတိုးပွားလာပြီး လူနေမှုအဆင့်အတန်း တိုးတက်လာမည်ဖြစ်သည်။

က.၃) ကျွန်တော်တို့ကျေးရွာတွင် စာသင်ကျောင်းဆောင်များရရှိခြင်း၊ ဆရာ/မ ဦးရေလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာရှိ ရွာသူ/များ ပညာရေးနှင့် ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ရွာဝင်လမ်းနှင့် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လမ်းကော်မတီများနှင့် ကျေးရွာသူ/သား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် လမ်းများ သွားလာရလွယ်ကူရန် ဆောင်ရွက်သွားရမည်။

ခ.၂) ကျွန်တော်တို့ကျေးရွာ၏ ကျေးရွာသူ/သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်၊ စက်မှု၊ လက်မှု အတတ်ပညာများကို ဖွင့်လှစ်သင်ကြားပေးရန် တို့ ဆောင်ရွက်သွားမည်။ တောင်သူများ စိုက်ပျိုးရေးချေးငွေရရန် ပုံစံ(၇)ရအောင် ဆောင်ရွက်ပေးခြင်း၊ မြေစာရင်းရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း နှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေးနည်းပညာသင်တန်းများ ပို့ချခြင်းတို့ဖြင့် ဆောင်ရွက်သွားမည်။

ခ.၃) စာသင်ကျောင်းဆောင်နှင့် သင်ကြားရေးဆရာ/မများ ပြည့်စုံစွာရရှိရန်၊ကျောင်းသုံးပရိဘောဂ၊ သင်ထောက်ကူများ လုံလောက်စွာရရှိရန် ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ ပညာရေးဝန်ဆောင်မှုများ ရရှိရန်အတွက် ပညာရေးအထောက်အပံ့ပေးသည့် ပြင်ပအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ကျောင်းကော်မတီများနှင့် မိဘဆရာအသင်းများ ဖွဲ့စည်း၍ ခေတ်မီသောပညာရေးများ သင်ကြားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် နှမ်းအပြင် ပဲတီစိမ်းနှင့် ပဲစဉ်းငုံကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံဖျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားများနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာမနက ဦးစီးဦးဆောင်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသော စိုက်ပျိုးစရိတ်ချေးငွေများ

အချိန်မီရရှိရန်လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားပါသည်။ တောင်သူများအတွက် အတိုးနှုန်းနည်းပါးသော ချေးငွေအစီအစဉ် ဆောင်ရွက်သင့်ပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အိုးလုပ်ငန်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများ အတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းသည်။ အိုးလုပ်ငန်း၏ ပံ့ပိုးမှုရရှိရန် အဓိကလိုအပ်သော ကုန်ကြမ်းများရရှိရန်၊ နည်းပညာအသစ်များရရှိရန်၊ ကျေးရွာရှိလူငယ်များ အလုပ်အကိုင် အခွင့်အလမ်း များရရှိရန် နှင့် အိုးလုပ်ငန်းကို တွင်ကျယ်စွာအသုံးပြုနိုင်ရန် လုပ်ငန်းအတွက်အရင်းအနှီးငွေ လုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစား လုပ်ငန်းများ အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာ အထိလိုအပ်သော စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း လိုအပ်ပါသည်။

## (င) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် ဆိုင်ခန်း၄၀-၅၀ ခန့်ဆောက်ပြီး ယာယီဈေး တည်ဆောက်ရန် မြေနေရာ ရှိပါသည်။ ယာယီဈေးဆောက်လုပ်ရန်အတွက် ကျေးရွာအနီးရှိ စိုက်ခင်းများမှ သီးနှံများရှိခြင်း၊ ကျေးရွာတွင် အိမ်ထောင်စု အများအပြားရှိခြင်းတို့ကြောင့် ယာယီဈေး ဆောင်လုပ်ရန် လိုအပ်ပါသည်။ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများက ရေ ၊ သန့်ရှင်းရေး စနစ်နှင့် လမ်းတို့ စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦးတစ်ခု တည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ ရွာသာယာကျေးရွာအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများ အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေးကဏ္ဍ | ရွာဝင်လမ်းနှင့် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ပြုပြင်ခြင်း | ၈၁ | ၁ | - ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ကျေးရွာတွင်း ရံပုံငွေ များကောက်ခံခြင်း<br>- မြေနီလမ်းခင်းခြင်း | ကျေးလက် ဦးစီး |
| လျှပ်စစ်မီးကဏ္ဍ | အိမ်တိုင်း လျှပ်စစ်မီး သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း | ၇၆ | ၂ | - မြို့နယ်လျှပ်စစ်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း<br>- ကျေးရွာတွင်း ရံပုံငွေများ ကောက်ခံခြင်း | လျှပ်စစ် ဦးစီးဌာန |
| စိုက်ပျိုးရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း | အလုပ်အကိုင်များ ပေါများ လာစေရန် | ၇၅ | ၃ | - စက်မှု၊ လက်မှုဆိုင်ရာ အတတ်ပညာများ ဖွင့်လှစ်သင်ကြားပေးခြင်း<br>- အထက်တန်းအောင်နှင့် ဘွဲ့ရရှိသူများအား အလုပ်ခွင်ဝင်ရောက် နိုင်ရန် အကူအညီများ ဆောင်ရွက်ပေးခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်း | ကျေးလက် ဦးစီး |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုကဏ္ဍ | စိုက်ပျိုးစရိတ် ချေးငွေ ရရှိရန်နှင့် ပုံစံ(၇)ရရှိရန် ဆောင်ရွက်ခြင်း | ၇၄ | ၄ | - မြေစာရင်းရုံးနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း<br>- အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>- အတိုးနှုန်းနည်းပါးသော စိုက်ပျိုးစရိတ်ချေးငွေ များရရှိအောင် ဆောင် ရွက်ခြင်း | သက်ဆိုင် ရာ ဌာန |
| ပညာရေးကဏ္ဍ | စာသင်ကျောင်းဆောင် နှင့် ဆရာ/မဦးရေ များပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၆၀ | ၅ | - ကျောင်းသား/သူများ စိတ်ချမ်းသာစွာ ပညာသင် ကြားနိုင်ခြင်း<br>- ကျောင်းဆောင်ရရှိအောင် ပညာရေးဌာနနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း<br>- ဆရာ/မဦးရေ လုံလောက် စွာရရှိရန်<br>- ကျောင်းသား/သူများ အတွေးအခေါ်များ မြင့်မား လာစေရန်<br>- ဆရာ/မရရှိရေးအတွက် ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ပညာရေး ဦးစီးဌာန |
| ကျန်းမာရေး ကဏ္ဍ | ကျေးရွာရှိ ဆေးရုံတွင် ဆေးခန်းများ လုံလောက် စွာ ရရှိခြင်းနှင့် အသိ ပညာပေး ဟောပြောပွဲ များ ပြုလုပ်ခြင်း | ၅၂ | ၆ | - ကျန်းမာရေးဌာနနှင့်ကျေး ရွာရှိ ရွာသူ/သားများ ကျန်း မာရေး အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း<br>- ကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ကျန်းမာရေး စက်ကိရိယာ များစုံလင်စွာ ရရှိရန် | ကျန်းမာရေး ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| စိုက်ပျိုးရေးကဏ္ဍ | စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း | ၄၃ | ၇ | - စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး နည်းပညာသင်တန်းများ ပို့ချခြင်း<br>- သဘာဝပိုးသတ်ဆေး သုံးစွဲရေး နည်းပညာများ ပို့ချခြင်း | စိုက်ပျိုးရေး ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ရွာဝင်လမ်းနှင့် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ပြုပြင်ခြင်း | ၁ | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | အိမ်တိုင်း လျှပ်စစ်မီး သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း | ၂ | ✔ | ✔ | | | |
| ၃ | အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | စိုက်ပျိုးရေး ချေးငွေရရှိရန်၊ပုံစံ (၇) ရအောင် ဆောင်ရွက်ခြင်း | ၄ | ✔ | | | | |
| ၅ | စာသင်ကျောင်းဆောင်နှင့် ဆရာ/မဦးရေ များပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၅ | ✔ | ✔ | | | |
| ၆ | ကျေးရွာရှိ ဆေးရုံတွင် ဆေးခန်းများ လုံလောက်စွာ ရရှိခြင်းနှင့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | ၆ | ✔ | ✔ | | | |
| ၇ | စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်း | ၇ | ✔ | ✔ | | | |

### ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော

ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖေါ်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာဝင်လမ်းနှင့် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ပြုပြင်ခြင်း | ၁၀၀၀ | ၁၀၀ သိန်း | ၈၀၀ သိန်း | | ၁၀၀သိန်း |
| ၂ | အိမ်တိုင်း လျှပ်စစ်မီး သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း | ၈၀၀ | ၁၀၀ သိန်း | ၄၈၀ သိန်း | ၂၀သိန်း | - |
| ၃ | အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၂၀ သိန်း | ၅၀ သိန်း | ၃၀ သိန်း | - |
| ၄ | စိုက်ပျိုးရေး ဈေးငွေရရှိရန်၊ပုံစံ (၇) ရအောင် ဆောင်ရွက်ခြင်း | ၃၀၀ | ၅၀ သိန်း | ၂၀၀ သိန်း | ၅၀ သိန်း | - |
| ၅ | စာသင်ကျောင်းဆောင်နှင့်ဆရာ/မ ဦးရေ များပြည့်စုံစွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၁၀၀၀ | ၅၀ သိန်း | ၉၀၀ သိန်း | ၂၀ သိန်း | ၃၀ သိန်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၆ | ကျေးရွာရှိ ဆေးရုံတွင် ဆေးခန်းများ လုံလောက်စွာ ရရှိခြင်းနှင့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | ၆၀၀၀ | ၁၀၀ သိန်း | ၅၇၀၀ သိန်း | – | ၂၀၀ သိန်း |
| ၇ | စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၂၀ သိန်း | ၆၀ သိန်း | ၂၀ သိန်း | – |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ

ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါ မည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီး ဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန် ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီ အစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ

မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၃ | ၁၅ | ၂၈ | ၁.၃၄ % |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၆၉ | ၆၆ | ၁၃၅ | ၆.၅ % |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၅၅ | ၅၉ | ၁၁၄ | ၅.၄% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်း သားအရွယ် | ၁၀၉ | ၁၁၃ | ၂၂၂ | ၁၀.၆၉% |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၆၁၈ | ၇၄၁ | ၁၃၇၉ | ၆၆.၄၅% |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၆၆ | ၁၁၁ | ၁၉၇ | ၉.၄၈% |
| **စုစုပေါင်း လူဦးရေ- ၂၀၇၅** | | **၉၅၀** | **၁၁၂၅** | **၂၀၇၅** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၅၀၇** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ဦး** | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာသာယာကျေးရွာတွင် အိမ်ထောင်စုပေါင်း ၅၀၇စု ရှိ၍ စုစုပေါင်းလူဦးရေမှာ ၂၀၇၅ ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာ ၁၃၇၉ ယောက်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၆၆.၄၅% ရှိပါသည်။ မူလတန်း ကျောင်းသား အရွယ်မှာ ၁၁၄ ယောက်ရှိပြီး စုစုပေါင်း၏ ၅.၄% အလယ်တန်းကျောင်းသားအရွယ်မှာ ၂၂၂ ယောက် ရှိပြီး စုစုပေါင်း၏ ၁၀.၆၉% ရှိပါသည်။သက်ကြီးရွယ်ကြီးအရွယ်မှာလည်း ၁၉၇ ယောက်ရှိပြီး စုစုပေါင်း၏ ၉.၄၈% ရှိပါသည်။ ၅နှစ်အောက်ကလေးမှာ ၆.၅% ရှိပြီး စုစုပေါင်းလူဦးရေမှာ ၁၃၅ ယောက်ရှိပါသည်။ ၁နှစ်အောက်နို့စို့အရွယ်မှာ ၁.၃၄% ရှိပြီး စုစုပေါင်း ၂၈ ယောက် ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု ၅၀၇ စု ရှိပြီး တစ်အိမ် ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄ ယောက်ရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄ ဦး ရှိသည့်အတွက်ကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ

ထက်နည်းနေကြောင်းကို တွေ့ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၈ | ၂၅.၃ | ၁၇၉ | ၂ | လယ်သမား |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၂၄ | ၄၄.၂ | ၃၄၄ | ၂၃ | ကူလီ လုပ်ငန်း |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၉ | ၄ | ၂၀ | ၇ | ရေနံ-၄ ကုန်တင်/ချ-၃ |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၁ | ၆.၁၃ | ၄၄ | ၆၆ | သေတ္တာ-၁ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | | | | | | အိုးလုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈ | ၂ | ၈ | ၃၉ | အိုးလုပ်ငန်း |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၂ | ၁ | ၂၃ | လျှပ်စစ်-၂<br>ပိုက်လိုင်း-၁ |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၀.၄ | ၂ | ၂ | လက်သမား-၂ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၁ | နာရီပြင်-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၂ | ၁ | ၆ | ဆံသ-၁<br>စက်ချုပ်-၅ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၁ | ၈.၁ | ၄၈ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | - | - | ၂ | ဆေးအရောင်း-၁ ထီရောင်း-၁ |
| ၁၁ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁.၂ | ၆ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၄ | ကားဂိတ်-၄ |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ | ၁ | ၀.၂ | ၁ | ၄ | ရဲဝန်ထမ်း-၃ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | စစ်မှုထမ်း–၁ |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၀.၄ | ၂ | ၁၀ | ဆရာမ–၁၀ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | ၁.၄ | ၈ | ၂၃ | ကုမ္ပဏီ–၉<br>ထိုင်း–၁၂<br>မလေး ရှား–၁ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | | | | | | တရုတ်-၁ |
| | စုစုပေါင်း | ၄၇၁ | ၉၄.၉၃ | ၆၆၄ | ၁၉၂ | ၄၂ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု (၅၀၇)စု ရှိသည့် အနက် စိုက်ပျိုးရေးကို အဓိကလုပ်ဆောင်သည့် အိမ်ထောင်စု(၁၂၈)စုရှိပါသည်။ အိုးလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု (၃၁)စု ရှိပါသည်။ ဆံသလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၁)စုရှိပြီး သေတ္တာလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု (၁)စု ရှိပါသည်။ ယာဉ်မောင်း (အငှား)လုပ်ကိုင်သည့် အိမ်ထောင်စု(၆)စုရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေ ဖြင့် စည်ပင်ဝန်ထမ်း၊ ရေနံဝန်ထမ်း၊ ရဲဝန်ထမ်း၊ စစ်မှုထမ်း၊ လျှပ်စစ်ဝန်ထမ်း၊ ပညာရေး ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း တို့ရှိကြပါသည်။ ထို့ပြင် ပန်းရံလုပ်ငန်းလုပ်ကိုင်သူ၊ဈေးသည်၊ ထီရောင်း၊ စက်ချုပ်၊ ကုန်တင်/ချ နှင့် ကုမ္ပဏီဝန်ထမ်း တို့လည်းရှိပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | မွေးဘက်ကျောင်း |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် | နေ့စား | - | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၂၅၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | ကိုယ်ပိုင် အသေးစား လုပ်ငန်း |
| ၉ | ကျွမ်းကျင်ပညာရှင် | နေ့စား | - | - | - | - | ကိုယ်ပိုင် |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | | | | | | အသေးစား လုပ်ငန်း |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ အနည်းဆုံးနှင့် အများဆုံးလုပ်အားခ နှုန်းထားများမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ယောကျ်ား(၁)ဦး၏ လုပ်အားခမှာ (၃၀၀၀) မှ (၅၀၀၀)ထိရှိပြီး မိန်းကလေးလုပ်အားခမှာ (၂၅၀၀) မှ (၃၀၀၀)အထိရရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ယောကျ်ား(၁)ဦး၏ လုပ်အားခမှာ ၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ဖြစ်ပြီး မိန်းကလေးမှာ (၂၅၀၀)မှ (၃၅၀၀)အထိရရှိပါသည်။ လက်လီ လက်ကားရောင်းဝယ်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်)တို့သည် ကိုယ်ပိုင် အသေးစားလုပ်ကိုင်သော လုပ်ငန်းဖြစ်သည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၃၅ | သင့် | မရ | ကမ်းနီမြစ်ရေတင် စီမံကိန်း(၅၆၅)ဧက |
| ယာမြေ /တောင်ယာ | ၇၈၁ | သင့် | - | - |
| ဥယျာဉ်ခြံမြေ | ၁၁ | သင့် | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | – | – | – | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | – | – | – | - |
| ရွှေ့ပြောင်းတောင် ယာမြေ | – | – | – | – |
| ကိုင်း/ကျွန်းမြေ | ၅၁ | သင့် | မရ | - |
| စားကျက်မြေ | – | – | - | - |
| ပလပ်မြေ | ၁၆၇ | – | - | - |
| အခြား | - | - | - | - |
| စုစုပေါင်း | ၁၀၄၅ | – | – | – |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့်

လယ်မြေ(၃၅)ကော၊ ယာမြေ (၇၈) ကော၊ ဥယျာဉ်ခြံမြေ (၁) ကော၊ ကိုင်း/ကျွန်းမြေ(၅) ကော၊ ပလပ်မြေ (၁၆၇) ကေရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ကျေးရွာစိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါက ဝင်ငွေများရရှပြီး ပိုမိုဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | သင့် | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | – | – |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) | သင့် | လက်လှမ်းမမီ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြား သဘာဝ ရင်းမြစ်များအနေဖြင့် ရေနံထွက်ရှိမှုမှာ အသင့်အတင့်ရှိပြီး လက်လှမ်းမမီပါ။ သဘာဝအပင် မျိုးစိတ်များအနေဖြင့် ဆေးဘက်ဝင်အပင်များ (လင်းနေပင်၊ မိဿလင်ပင်၊ မြင်းခွာရွက်ပင်၊ ရှားစောင်းလက်ပက်ပင်နှင့် သရင်းကြီးပင်များ ရှိပြီး လွယ်ကူစွာ ခူးယူသုံးစွဲ နိုင်သော်လည်း ဆေးဝါးထုတ်ယူသုံးစွဲနိုင်မှုထိ စီးပွားဖြစ် ထုတ်လုပ်နိုင်မှု မရှိသေးပါ။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧက–၁၉ဧက | ၃ဧက–၅ဧက | – | – |
| အိမ်အခြေအနေ | တိုက် | ပျဉ်တောင်ပျဉ်ခင်း | သုံးပင်အိမ် | ခြေစိုက်အိမ် |
| လုပ်ငန်းသုံး ကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ ချွေလှေ့စက် ရေစုပ်စက် | နွားလှည်း | ပေါက်ပြား၊ တူရွင်းပြား၊ နွားလှည်း | ပေါက်ပြား၊ တူရွင်းပြား |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊တီဗွီ ၊စလောင်း၊ ရေခဲသေတ္တာ | ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း၊ စက်ဘီး | ဆိုင်ကယ်၊ ဖုန်း၊ စက်ဘီး၊ ရေဒီယို | ဆိုင်ကယ်၊ ဖုန်း၊ ရေဒီယို |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | ကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | – | – | – | – |
| အိမ်ထောင်စု – | ၂(၀.၃၉%) | ၅၁ (၁၀.၀၆%) | ၂၃၃ | ၂၂၁(၄၄%) |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| | | | (၄၆%) | |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဥစ္စာဓနအဆင့်အနေဖြင့် အဆင်ပြေသောအိမ်ထောင်စု (၂)စုရှိပြီး အိမ်ထောင်စု၏ မြေပိုင်ဆိုင်မှုမှာ (၅ မှ ၁၉ ) ကေဖြစ်ပြီး တိုက်၊ ထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ ကား၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ စလောင်း၊ TV စသည်တို့ပိုင်ဆိုင်၍ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်ကြပါသည်။ အလယ် အလတ်ရှိသောအိမ်ထောင်စု (၅၁)စုရှိပြီး အိမ်ထောင်စု၏ မြေကေပိုင်ဆိုင်မှုမှာ (၃ မှ ၅) ကေရှိပြီး ပျဉ်ထောင်ပျဉ်ခင်းအိမ်၊ နွားလှည်း၊ ဆိုင်ကယ်၊ ဖုန်း ၊ TV ၊ စက်ဘီး စသည်တို့ပိုင်ဆိုင်၍ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်ကြပါသည်။ ဆင်းရဲသောအိမ်ထောင်စု (၂၃၃)စုရှိပြီး သုံးပင်အိမ်၊ နွားလှည်း၊ပေါက်ပြား၊ ပေါက်တူး၊ ဖုန်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေဒီယိုတို့ပိုင်ဆိုင်ပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ ကူလီ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော မိသားစု (၂၂၁)စုရှိပြီး မြေစိုက်အိမ်၊ နွားလှည်း၊ ပေါက်ပြား၊ ပေါက်တူး၊ ဖုန်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေဒီယိုတို့ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ ကျပန်း များဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၅၄ | ၆၀% | ချေးယူ |
| ၃ လနှင့် ၆ လအောက် | ၂၃ | ၂၅.၅၅% | ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | ၁၃ | ၁၄.၄၄% | ချေးယူ |

ရင်းမြစ်..ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် ချေးငွေယူ၍ စားသောက်နေရသော ၃လအောက် အိမ်ထောင်စု (၅၄)စု၊ ၃လနှင့် ၆လ အောက် အိမ်ထောင် စု (၂၃)စု၊ ၆လနှင့် ၁၂လ အထိအိမ်ထောင် စု (၁၃)စု ရှိကြပါသည်။ ၎င်းတို့သည် ချေးယူပြီး စားဝတ်နေရေးနှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုနေကြောင်းကို တွေ့ရှိရ ပါသည်။ အကြွေးငွေ ချေးယူမှုမရှိသော အိမ်ထောင်စုများမှာ လုပ်ခလစာ ကြိုတင်ရောင်းချ ခြင်း၊ မိသားစုဝေမျှစွာ စားသုံးခြင်းဖြင့် ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းကြကြောင်း ဖြစ်ပါ သည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် | ၃၅ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၇၉ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် နှင့် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုအရေအတွက် (၃၅)စုရှိ၍ ဆင်းရဲ၍မိသားစုဦးရေများသည့် တစ်ခုလပ် အိမ်ထောင်စု မရှိပါ။ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်သည့် ဆင်းရဲသား အိမ်ထောင်စု (၇၉)စု ရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ကုန်ဈေးနှုန်းကြီးမြင့်မှု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | အလုပ်သမားရှားပါးမှု |
| ၃ | ရေကြီးခြင်း | လတ် | ကမ်းနီးရှိနေထိုင်ကြသူများ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | စိုက်ပျိုးရေးအခက်အခဲများ ရရှိသည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | လတ် | အပူပိုင်းဒေသဖြစ်နေခြင်း |
| ၆ | မုန်တိုင်း | လတ် | အားပျော့သောမုန်တိုင်းများ တစ်ခါတစ်ရံ တိုက်ခတ် တတ်သည်။ |
| ၇ | လျှော်<br>ငလျင် | လတ် | အင်အားနည်းသောငလျင်သာ တစ်ခါတစ်ရံ ကျရောက်တတ်သည်။ |
| ၈ | မီးဘေး | လတ် | မီးဘေးကာကွယ်ရေးလုပ်ငန်း များလုပ်ဆောင်ခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | - | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | လတ် | ခေတ်မြေသြဇာ နည်းစနစ်မမှန်ခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | စည်းကမ်းမဲ့ ခုတ်ကျခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | - |
| ၁၃ | တီဘီရောဂါ | လတ် | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | ခွာနာ၊လျှာနာ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း | နိမ့် | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဆက်သွယ်ရေးခက်ခဲ စသည် | | |
| ၁၉ | အခြား | – | – |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ထိခိုက်သက်ရောက်မှု အခြေအနေတွင် စားနပ်ရိက္ခာ မဖူလုံမှုတွင် လတ် ရှိပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ဖြစ်သည်။ သဘာဝအရင်းမြစ် ရှားပါးမှု (မြေဩစိုက်ပျိုးရေး) (နိမ့်)၊ ရေကြီးခြင်း (လတ်)၊ မိုးခေါင်ခြင်း (နိမ့်)၊ အအေး လွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ မီးဘေး တို့သည် (လတ်) ဖြစ်ပြီး ဆားငန်ရေဝင်မြေ မရှိပါ။ မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု (လတ်)၊ သစ်တောပြုန်းတီးခြင်း (မြင့်)၊ ငှက်ဖျားရောဂါ (လတ်)၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ပြည်တွင်း ပဋိပက္ခ၊ တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးခြင်း၊ ဝေးလံ ခေါင်သီ /လမ်းပန်း ဆက်သွယ် ရေး ခက်ခဲခြင်းတို့သည် (နိမ့်) ရှိပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ပုံမှန်အလုပ်မရှိပါ။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | စားနပ်ရိက္ခာမဖူလုံပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | လုပ်ကိုင်စားသောက်စရာမြေမရှိပါ။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ | နိမ့် | မြစ်ကမ်းနံဘေးမှာ မြစ်ရေတက်သည့်အချိန် ဖြစ်ပါသည်။ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|
| | ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | ကျေးရွာမှာ မြစ်ကမ်းဘေးတွင် တည်ရှိနေခြင်း |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | မတော်တဆမှုများ ဖြစ်ပွား |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံ ရသူများ (IDP) | နိမ့် | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အသက်မွေးဝမ်းကြောင်းပညာရပ် မတတ်မြောက်ခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | တခြားလူနည်းစုများ မရှိခြင်း |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | စားဝတ်နေရေး အခြေအနေ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | - |
| ၁၅ | ဆေးစွဲသူများ | နိမ့် | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | – |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်း သူများ | လတ် | စားဝတ်နေရေး အခြေအနေ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | – |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | စားဝတ်ရန်အတွက် ရွှေ့ပြောင်း လုပ်ကိုင် |
| ၂၀ | ကားသမား | နိမ့် | – |
| ၂၁ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ ကျေးရွာတွင်ရှိထိခိုက်သက်ရောက်ခံရနိုင်သူများ အနေဖြင့် လူငယ်(လတ်)အဆင့်တွင် ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စုများမှာ မိသားစုများပြီး စားနပ်ရိက္ခာမဖူလုံသောကြောင့် ထိခိုက်မှု (နိမ့်)အဆင့် တွင်ရှိပါသည်။ မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ လုပ်ကိုင်စားသောက်စရာမြေမရှိသော ကြောင့် ထိခိုက်မှု (လတ်)အဆင့်ရှိပါသည်။ သဘာဝဘေးအန္တရာယ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော အိမ်ထောင်စုမှာ (နိမ့်) အဆင့် ရှိပါသည်။ ကျေးရွာမှာ မြစ်ကမ်းဘေးတွင် တည်ရှိနေခြင်းကြောင့် မြစ်ကမ်းဘေး နေထိုင်သူ များမှာ (လတ်)အဆင့်ရှိပါသည်။ မတော်တဆဖြစ်နိုင်ချေ များသောနေရာများတွင် နေထိုင်သူ များမှာ အချိန်မရွေးထိခိုက်နိုင်ခြင်းကြောင့် ထိခိုက်မှု (လတ်)အဆင့်ရှိပါသည်။ အသက် မွေးဝမ်းကြောင်း ပညာရပ်မတတ်မြောက်ခြင်းကြောင့် လက်လုပ်လက်စားများ ထိခိုက်မှု (မြင့်)အဆင့်တွင်ရှိပြီး စားဝတ်နေရေး အခြေအနေများကြောင့် နယ်စပ်ဒေသတွင် နေထိုင်သူ များနှင့် လှည့်လည်သွားလာ၍ ဈေးရောင်းသူများမှာ (လတ်)အဆင့်ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | နာရေးကူညီမှု | ၂ | ၁၀ | ၅ | ၁၅ | နာရေးကူညီ | ၄ | ၇ |
| ၂ | ကျောင်း ကော်မတီ | ၂ | ၁၁ | - | ၁၁ | ပညာရေး ဖွံ့ဖြိုးရေး | ၄ | ၇ |
| ၃ | Pact Myanmar | ၁ | - | ၁၅၀ | ၁၅၀ | ငွေစု/ငွေချေး | ၅ | ၇ |
| ၄ | သမဝါယမ | ၁ | ၆ | ၂ | ၈ | ငွေစု/ငွေချေး | ၅ | ၇ |
| ၅ | အိုးဘဏ် | ၁ | ၆ | ၂ | ၈ | ငွေစု/ငွေချေး | ၅ | ၇ |
| ၆ | အမျိုးသား အဖွဲ့ | ၂ | ၂၀ | ၂၀ | ၄၀ | ဘာသာရေး၊ သာသနာရေး၊ လူမှုရေး | ၄ | ၇ |
| ၇ | အမျိုးသမီး အဖွဲ့ | ၂ | ၁၅ | ၁၅ | ၃၀ | ဘာသာရေး၊ သာသနာရေး၊ လူမှုရေး | ၄ | ၇ |
| ၈ | ဝတ်သင်းအဖွဲ့ | ၃ | ၁၀ | ၂၀ | ၃၀ | ဘာသာရေး၊ သာသနာရေး | ၄ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် နာရေးကူညီမှုအဖွဲ့၊ ကျောင်းကော်မတီ၊ (Pact Myanmar)၊ သမဝါယမ၊ အိုးဘဏ်၊အမျိုးသားအဖွဲ့၊ ၊ အမျိုးသမီးအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ဟူ၍ရှိပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact Myanmar | ၇ | အသေးစားငွေစုငွေချေးလုပ်ငန်း |
| ၂ | သမဝါယမ | အစိုးရ | စိုက်ပျိုးရေးအတွက်ငွေစု/ငွေချေး |
| ၃ | အိုးဘဏ် | အစိုးရ | အိုးလုပ်ငန်းအတွက်ငွေစု/ငွေချေး |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ယခုလက်ရှိ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ Pact Myanmar အဖွဲ့၊ သမဝါယမအဖွဲ့၊ အိုးဘဏ် တို့မှ ချေးငွေများရရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုံလောက်မှု မရှိပါ။ တစ်ခြားအဖွဲ့အစည်းများလည်း မရှိပါ။ NGO အဖွဲ့အစည်းများလည်း မရှိပါ။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၇၅ | ၇၃.၉% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၈ | ၃.၅၅% | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၅၉ | ၁၁.၆၃% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၄၃ | ၈.၅% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၁၁ | ၂.၂% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၅၀၇ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၅၀၇)စုရှိသည့်အနက် မြေယာမဲ့အိမ်ထောင်စု(၃၇၅)စု၊ ၂.၅ ကေအောက်မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု(၁၈)စု၊ ၂.၅ ကေမှ ၅ ကေအထိမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု(၅၉)စု၊ ၅ ကေမှ ၁၂.၅ ကေကြား မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု (၄၃)စုနှင့် ၁၂ ကေ အထက် အိမ်ထောင်စု (၁၁)စုတို့ ရှိပါသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | – | – | – |
| ၂ | ရေလွှဲဆည် | | – | – | – |

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက် ကေ | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၃ | မြစ်ရေတင် စီမံကိန်း | အစိုးရ | ၅၅ကေ | ရာသီအလိုက် | မရှိ |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၈၉ကေ | တစ်နှစ်ပတ်လုံး | ရှိ |
| ၅ | လက်ငင်ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား | မိုးရေ | ၉၀၁ | ရာသီအလိုက် | မရှိ၊မိုးခေါင်လျှင် စိုက်ပျိုးရန် ခက်ခဲခြင်း |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာတွင် ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ စုစုပေါင်း (၁၀၄၅) ကေရှိပါသည်။ လယ်မြေ၏ စိုက်ကေ(၃၅)ကေ စိုက်ပျိုးပြီး မြစ်ရေတင်စီမံကိန်း (၅၅) ကေဖြင့် ရာသီအလိုက်စိုက်ပျိုးပြီး လုံလောက်မှု မရှိပါ။ ဥယျာဉ်ခြံမြေ (၁၁)ကေ စိုက်ပျိုးပြီး အဝီစိတွင်း စိုက်ပျိုးကေ (၈၉)ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးပြီး လုံလောက်မှုရရှိသည်။ ယာမြေ/ တောင်ယာစိုက်ကေ (၇၈၁) စိုက်ပျိုးပြီး မိုးရေ(၉၀၁) ကေဖြင့် ရာသီအလိုက် စိုက်ပျိုးပြီး လုံလောက်မှုမရှိပါ။ မိုးခေါင်ခြင်းကြောင့် သီးနှံအထွက်တိုးနှုန်း နည်းပါးခြင်းကြောင့် ဖြစ်သည်။

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၄၀၀ | တင်း | ၃ | ၁၀ | ၇ | နယုန် | ဝါခေါင်လဆန်း | မြင့် | နိမ့် | |
| ပဲတီစိမ်း | ၂၅၀ | တင်း | ၄၀ | ၆၀ | ၅၀ | တော်သလင်း | သီတင်းကျွတ် | မြင့် | နိမ့် | |
| မြေပဲ | ၁၁၃ | တင်း | ၅၀ | ၁၀၀ | ၇၅ | တော်သလင်း | သီတင်းကျွတ် | မြင့် | နိမ့် | |
| ပဲစင်းငုံ | ၁၀၄ | တင်း | ၃၀ | ၆၀ | ၄၅ | နယုန်လဆန်း | ပြာသိုလဆန်း | မြင့် | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် နှမ်းမှာ ဧက(၄၀၀) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၇ တင်း)အထိထွက်ရှိပြီး သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။ ပဲတီစိမ်းဧက(၂၅၀) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၅၀ တင်း)အထိထွက်ရှိပြီး သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။ မြေပဲမှာ ဧက(၁၁၃) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၇၅ တင်း)အထိထွက်ရှိပြီး

သီးနှံဈေးမကောင်းခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။ ပဲစင်းငုံမှာ ဧက(၁၀၄) စိုက်ပျိုးပြီး ၁ ဧက ပျှမ်းမျှထွက်နှုန်းမှာ (၄၅တင်း)အထိထွက်ရှိပြီး သီးနှံဈေး မကောင်း ခြင်းကြောင့် အမြတ်ရရှိမှု (နိမ့်)ဖြစ်ပါသည်။

(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | - | - | - | ၁ | - | |
| လက်တွန်းထွန်စက် | ၂ | - | - | - | ၁ | - | - |
| အစေ့ချကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | ၂ | - | - | - | - | - | - |
| ခြွေလှေ့စက် | ၂ | - | - | - | ၂ | - | - |
| ရေစုပ်စက် | ၁၀ | - | - | - | - | - | - |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | တစ်ဦးချင်းပိုင် | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | ၂ | - | - | - | ၂ | - | - |
| နွားစာစဉ်းစက် | - | - | - | - | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးသုံးစက် ကိရိယာပိုင်ဆိုင်မှု အနေဖြင့် ထွန်စက် တစ်ဦးချင်းပိုင်(၁)စီး၊ စက်ကိရိယာငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စု (၁)စု၊ လက်တွန်းထွန်စက် တစ်ဦးချင်းပိုင်(၂)စီး၊ စက်ကိရိယာငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စု (၁)စု၊ ရိတ်သိမ်းစက် တစ်ဦးချင်းပိုင် (၂)၊ ခြွေလှေ့စက် တစ်ဦးချင်းပိုင်(၂)၊ စက်ကိရိယာငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စု (၂)စု၊ရေစုပ်စက် တစ်ဦးချင်းပိုင်(၁၀)လုံး နှင့် မြက်ရိတ်စက် တစ်ဦးချင်းပိုင် (၂)လုံး၊ စက်ကိရိယာငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စု (၂)ဦးတို့ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စက်ကိရိယာများစွာ လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | မရှိပါ။ ကိုင်း/ကျွန်းမြေများ ရေတိုက်စားမှုကြောင့်ဖြစ်သည်။ |
| ရေရင်းမြစ် | မရှိပါ။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေးဆိတ်ချေးရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | မင်းဘူးမြို့နှင့်မကွေးမြို့များတွင်ဝယ်ယူရရှိနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | အိုးဘဏ်၊ Pact ၊ သမဝါယမ မှ ချေးငွေများ ထုတ်ချေးပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | ရရှိမှု နည်းပါးသည်။ |
| သွင်းအားစုဈေးကွက် | မင်းဘူး၊မကွေးမြို့ရှိ စိုက်ပျိုးရေးဆိုင်များတွင် ဝယ်ယူရရှိနိုင် ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူး၊ မကွေးသို့ သွားရောက်ရောင်းချနိုင်ပါသည်။ |
| အခြား | – |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးတက်စေရန် အတွက် အခွင့်အလမ်းများ မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) ရရှိနိုင်မှုမရှိပါ။ ကိုင်း/ကျွန်းမြေများ ရေတိုက်စားမှုကြောင့်ဖြစ်သည်။ ရေအရင်းမြစ် မရရှိပါ။ သဘာဝ မြေဆွေးများ အဖြစ်သစ်ရွက်ဆွေး၊ ဆိတ်ချေး၊ နွားချေးများအသုံးပြုပြီး အော်ဂဲနစ်ဓာတု ပိုးသတ်

ဆေးများကိုတော့ မကွေး၊ မင်းဘူးမြို့များသို့ အလွယ်တကူ သွားရောက်၍ဝယ်ယူ နိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများအနေဖြင့် Pact သမဝါယမနှင့် အိုးဘဏ် ဟူ၍ရှိပါသည်။ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုဟူ၍ ရရှိမှုအားနည်းပါသည်။ သွင်းအားစု ဈေးကွက်အနေဖြင့် မင်းဘူးမြို့၊ မကွေးမြို့တို့မှ ဝယ်ယူရရှိနိုင်ပါသည်။ ထုတ်ကုန်များကို လည်း နီးစပ်ရာမြို့ရှိ ကုန်စည်ဒိုင်သို့ သွားရောက် ရောင်းချနိုင်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **တိုးချဲ့မှုမရနိုင်ပါ။** |
| မြေဆီသြဇာ အခြေအနေ | **ဓာတုပိုးသတ်ဆေးများ အလွန်ကျွံသုံးစွဲခြင်း** |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | **မရပါ။** |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | **မင်းဘူးမြို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင် အလွယ်တကူရရှိခြင်း** |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | **အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူများနေခြင်း** |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **မရှိပါ။ မိုးရေကိုသာ အားထားစိုက်ပျိုးကြရခြင်း** |
| စိုက်ပျိုးရေ မလုံလောက်မှု | **မိုးခေါင်လျှင် မလုံလောက်ပါ။** |
| ဖျက်ပိုးနှင့် ရောဂါ | **ရာသီဥတု မကောင်းသောကြောင့် ဖျက်ပိုးများကျပါသည်။** |
| ဈေးကွက် လက်လှမ်းမီမှု | **ဈေးနှုန်းမရရှိပါ။** |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **ကျေးရွာတွင် စိုက်ပျိုးမှုနည်းပညာပေးမှု နည်းပါသည်။** |
| **အခြား** | – |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့် စိန်ခေါ်မှုများမှာ စိုက်ပျိုးမြေ တိုးချဲ့မှုမရပါ။ ဓာတုပိုးသတ်ဆေးများ လွန်ကျွံစွာ သုံးစွဲခြင်းကြောင့် မြေဆီဩဇာပျက်စီးပါသည်။** ငွေကြေးအရင်းနှီး အလုံအလောက် မရရှိပါ။ စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရရှိ အသုံးချနိုင်မှုအနေဖြင့် မင်းဘူးမြို့ရှိ ဆေးဆိုင်များတွင် ရရှိနိုင်ပြီး ရွာတွင်လုပ်သားရှားပါးမှု ရှိပါသည်။ ရေအရင်းအမြစ် ရရှိနိုင်မှုမရှိပါ။ မိုးခေါင်လျှင် ရေလုံလောက်မှု မရှိပါ။ ရာသီဥတုမကောင်းသောကြောင့် ဖျက်ပိုးများ ကျရောက်ပါသည်။ **ဈေးကွက်လက်လှမ်းမီသော်လည်း သီးနှံဈေးမကောင်းခြင်း၊ နည်းပညာ လက်လှမ်းမမီ၍ အကူအညီနည်းပါးခြင်းတို့ ဖြစ်ပါသည်။**

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၁၁၀ | ၂၆၉ | တစ်နိုင်တစ်ပိုင် |
| **နို့စားနွား** | ၁၂ | ၃၃ | – |
| **မြင်း** | – | – | – |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **ကျွဲ** | - | - | - |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | ၁၄ | ၃၈၅ | တစ်နိုင်တစ်ပိုင် |
| သိုး | ၁ | ၄၆ | တစ်နိုင်တစ်ပိုင် |
| ဝက် | ၂၂ | ၃၂ | တစ်နိုင်တစ်ပိုင် |
| ကြက် | ၈၁ | ၄၆၈ | တစ်နိုင်တစ်ပိုင် |
| ဘဲ | ၃ | ၂၃ | တစ်နိုင်တစ်ပိုင် |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေမှာ မွေးမြူရေးအိမ်ထောင်စု (၂၄၃)စုရှိပြီး ခိုင်းနွားမွေးအိမ်ထောင်စု(၁၁၀) ကောင်ရေ (၂၆၉)ကောင်၊ နို့စားနွား မွေးအိမ်ထောင်စု(၁၂) ကောင်ရေ (၃၃)ကောင်၊ ဆိတ်မွေး အိမ်ထောင်စု(၁၄) ကောင်ရေ (၃၈၅ကောင်၊ ဝက်မွေးအိမ်ထောင်စု(၂၂) ကောင်ရေ (၃၂) ကောင်နှင့် ကြက်မွေးအိမ်ထောင်စု(၈၁) ကောင်ရေ (၄၈၆)ကောင်နှင့် ဘဲမွေး အိမ်ထောင်စု (၃) ကောင်ရေ (၂၃)ကောင်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ဆောင်သူများရှိသောကြောင့် မွေးမြူရေးနှင့်ပတ်သက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရရှိမည်ဆိုပါက ပိုမို၍ဝင်ငွေများ ရရှိလာပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | ယာလွတ်များတွင် လွှတ်ကျောင်းနိုင်ခြင်း |
| ရေရရှိမှု | မြစ်ရေ၊ ချောင်းရေတို့တွင် သောက်သုံးနိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိပါ။ ဒေသမျိုးများကိုသာ မွေးမြူခြင်း |
| ချေးငွေ | သမဝါယမနှင့် Pact မှ ချေးယူခြင်း |
| သွင်းအားစု ဈေးကွက် | မင်းဘူးမြို့ရှိ ဆိုင်များတွင် ဝယ်ယူရရှိပါသည်။ |
| ဝန်ဆောင်မှု ဈေးကွက် | ရှိပါသည်။ မြို့နယ်တိမွေးကုရုံးမှ လာရောက်ကုသပေးခြင်း |
| ထုတ်ကုန် ရောင်းဝယ်မှု | ရောင်းချမှုတွင် ဈေးမရရှိပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်မြေနေရာ၏ နေရာလွတ်များတွင် မွေးမြူပြီး သီးသန့်နေရာဖြင့် မွေးမြူရေး မပြုလုပ်နိုင်ပါ။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **အခြား** | – |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု** | မရှိပါ။ |
| **ချေးငွေ** | – |
| **သွင်းအားစု လက်လှမ်းမီမှု** | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| **အခြား** | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးကဏ္ဍတိုးတက်စေရန် အတွက် အခွင့်အလမ်းများအနေဖြင့် နွားများ၊ ဆိတ်များကို ပလပ်မြေနှင့် ယာလွတ်များတွင် စားကျက်မြေအဖြစ် စားသောက်ရပါသည်။ သောက်ရေမှာ မြစ်ချောင်းများမှ သောက်သုံးနိုင် ပါသည်။ မျိုးတိရစ္ဆာန်အနေဖြင့် ဒေသမျိုးများကိုသာ မွေးမြူကြပါသည်။ ချေးငွေမှာ Pact Myanmar နှင့် သမဝါယမအသင်းတို့မှ ရရှိပြီး သွင်းအားစုများကို မင်းဘူးမြို့ရှိ ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ ဝန်ဆောင်မှုဈေးကွက်အနေဖြင့် မြို့နယ်တိရိစ္ဆာန်ဆေးကုရုံးမှ ဒေါက်တာများ လာရောက်ကုသပေးပြီး ရောင်းချရန်အတွက် ဈေးကွက်မရှိပါ။ မွေးမြူရန် မြေနေရာလွတ်မရှိပါ။ အိမ်ဝင်းအတွင်း လွတ်သောနေရာများတွင်သာ မွေးမြူကြပါသည်။ ငါးလုပ်ငန်း လုပ်ကိုင်သူ မရှိပါ။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | နည်းပါးသည်။ Pact Myanmar တစ်မျိုးသာ ရှိသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | နည်းပါးသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိပါ။ လာရောက်လုပ်ဆောင်မှု နည်းပါးသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လိုင်စင်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |
| အခြား | – |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေ ရရှိပြီး လုံလောက်မှုမရှိပါ။** Pact Myanmar တစ်မျိုးသာ ရှိသည်။ **ကူးစက်ရောဂါ ဖြစ်ပွားမှု နည်းပါးသည်။ နည်းပညာအကူအညီနှင့် နည်းလမ်းများဟူ၍ မရှိပါ။ စီးပွားရေးမွေးမြူရေး လုပ်ငန်းများအတွက် လိုင်စင်/လေလံလက်လှမ်းမီမှုမှာ ငွေကြေးမတတ်နိုင်ခြင်းကြောင့် လက်လှမ်းမီမှုမရှိခြင်း တို့ဖြစ်ပါသည်။**

**(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ**

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | ၂၇ | ၂၇ | - | လတ် |
